## သမ္မာကျမ်းဆိုင်ရာအတွေးအမြင် - "နေ့အလင်းရောင်"



ဖော်ပြထားသည့်ပုံမှာ နေဝင်ချိန်လော၊ နေထွက်ချိန်လော။ အခြေအနေကိုမသိပါက တပ်အပ်ပြော နိုင်မည်မဟုတ်ပေ။
ထိုနည်းအတိုင်းပင် ကျွန်ုပ်တို့ဘဝတွင်အမှောင်ထုအုပ်စိုးလာသောအခါ ဘာတွေဖြစ်ပျက်နေသလဲ၊ ဘာဆက်လုပ်ရ မည်လဲ မသိနိုင်တော့သည့်အခြေအနေမျိုးဖြစ်လာတတ်သည်။မျှော်လင့်ခြင်းအလင်းရောင်ပေါ်ထွက်အုံးမည်လော့၊ အဆင်ပြေသွားမည်လော့၊ သို့မဟုတ် ဘုရားကအခွင့်မပေးသောကြောင့် ဆက်လက်ခက်ခဲနေမည်လော့။
မြန်မာနိုင်ငံ၊ ထိုင်းနယ်စပ်နှင့် ကွန်ဂိုအရှေ့ပိုင်းဒေသများရှိ ကျွန်ုပ်၏လုပ်ဖော်ဆောင်ဖက်များ၊မိတ်ဆွေများ၊ ကျောင်းသားကျောင်းသူများအတွက်အမြဲပင်တွေးပူနေမိသည်။ အချို့မှာအခြေအနေက ခက်ခဲနေသောကြောင့် သက်သာမှုဖြစ်စေမည့် သတင်းကောင်းကို စောင့်ဆိုင်းနေသူများရှိသည်။ အချို့က သေချာရေရာမှုဘာမှ မရှိဘဲ ပြေးလွှားရှောင်ပုန်းရင်း
အသက်ဆက်နေကြရသည်။အချို့ကအထီးကျန်လျက်၊အားလျော့လျက်၊ကြောက်ရွံ့စိုးရိမ်နေလျက် ဘယ်ဆီသွားရမည်မသိဖြစ်နေကြသည်။အချို့က လုံခြုံသည့်နေရာသို့ရောက်ပြီဖြစ်သော်လည်း ဘာဆက်လုပ်ရမည်မသိဖြစ်နေသည်။ အကောင်းဆုံးလုပ်ဆောင်ပြီး ရှေ့ဆက်သွားနေသော်လည်း ဘယ်နေရာ ကြည့်ကြည့် အမှောင်ထုကစိုးမိုးလျက်ရှိနေသည်။

ထိုသူတို့အတွက် လွယ်ကူသောအဖြေပေးနိုင်ရန် ကျွန်ုပ်မတတ်နိုင်ပါ။သို့သော်ကျွန်ုပ်ဘဝအတွက်
အလင်းရောင် ပေးခဲ့သည့်ပုဂ္ဂိုလ်ကိုညွှန်ပြလိုပါသည်။ တမန်တော်ယောဟန်က
"ထိုနှုတ်ကပတ်တော်၌အသက်ရှိ၏။ ထိုအသက်သည်လည်းလူတို့၏အလင်းဖြစ်၏။ထိုအလင်းသည်
မှောင်မိုက်၌လင်း၍ မှောင်မိုက်သည်မခံမယူ" ဟုရေးသားခဲ့ပါသည်။ (ရှင်ယောဟန် ၁း၄-၅)
ယေရှုခရစ်တော် ဤလောကသို့ကြွလာခြင်းမှာ ဘုရား၏အလင်းတရားကို
အမှောင်ထုထဲတွင်ထွန်းလင်းဖော်ပြ ဖို့ရန်ဖြစ် သည်ဟု ရှင်ယောဟန်က ပြောနေခြင်းဖြစ်ပါသည်။
အခြေအနေမည်မျှပင်ရှိနေပါစေ သင့်ကိုဖန်ဆင်း သောအရှင် သည်ကောင်းမြတ်၍
သင့်ကိုဂရုပြုနေပါသည်။သင့်ပတ်ဝန်းကျင်က မည်မျှပင်မှောင်မိုက်နေပါစေ၊ သခင်ခရစ်တော်
အားဖြင့်အလင်းရှိသည်။ ချစ်ခြင်းမေတ္တာရှိသည်။ သင့်အတွက်လည်း မျှော်လင့်ခြင်းရှိလာမည် ဖြစ်သည်။
အဓိကကျသည်မှာ အလင်းကိုမည်သို့ရှာဖွေရမည်၊ အလင်းရှင်ဖြစ်သော ယေရှုကို
သင့်စိတ်ထဲသို့မည်သို့ဖိတ်ခေါ်ရ မည်ပင်ဖြစ်သည်။ဘုရားသခင်နှင့်ဆက်ဆံရေးကို
သင်တည်ဆောက်ရမည်ဖြစ်သည်။ ကျွန်ုပ်အတွေ့အကြုံအရ သင်ဘုရားကိုပို၍လိုအပ်သောအခါ
ဘုရားထံသို့တိုးဝင်လျက် ယေရှုထံသို့သာ မျက်မှောက်ပြုထားရမည်ဖြစ်
သည်။ဘုရား၏မေတ္တာကိုပြသပေးနိုင်သည့် ယုံကြည်သူညီအစ်ကိုမောင်နှမများနှင့်သင့်ကိုယ်သင်
ဝန်းရံထားရ မည်။အခြားသူများအတွက် တစ်ခုခုလုပ်ပေးရန် သင်ကြိုးစားလိုက်သည့်အခါ
သင့်အတွက်သက်သာမှုနှင့် အလင်း တရားကိုခံစားရမည်ဖြစ်သည်။ဤသည်မှာ
ကျွန်ုပ်၏အတွေ့အကြုံပင်ဖြစ်သည်။ ထိုသို့ကူညီပေးလိုက်ရသည့်အခါ၊ သူတို့၏ဝန်ထုပ်ပေါ့ပါးသွားသလို
ကျွန်ုပ်ကိုယ်တိုင်သည်လည်း သက်သာမှုကိုခံစားရသည်။ဘုရား၏ချစ်ခြင်းကို ကျွန်ုပ်အားဖြင့်ခံစားသိရှိရန်
အသုံးခံလိုက်ခြင်းဖြစ်သည်။တစ်ချိန်တည်းတွင် ဘုရား၏မေတ္တာကို ကျွန်ုပ်ကိုယ်တိုင်
ရရှိခံစားလိုက်ရသည်။ထိုအခါ ကျွန်ုပ်ဘဝ၏ အလင်းရောင်ပို၍ထွန်းလင်းလာပါတော့သည်။
သင့်အတွက်ဆုတောင်းလိုသည်မှာ - ယနေ့တွင် သခင်ယေရှုသည် သင့်ဘဝ၏အလင်းရောင်အဖြစ်
ထွန်းလင်း လျက်၊ လာမည့် နေ့ရက်များတွင်လည်း သင့်စိတ်နှလုံးထဲသို့ အလင်းတရားများကို
ပို၍ထွန်းလင်းပေးနိုင်ဖို့ရန် ဆုတောင်းပေးပါသည်။

ယေရှုခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်
Dr. Tim @ ဦးထင်ကျော်
ဓာတ်ပုံ - နေထွက်ချိန်၊ ထိုင်းနိုင်ငံ၊ချင်းမိုင်မြို့
သိက္ခာတော်ရဒေါက်တာ
Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်း ဆိုင်ရာ
ဒေါက်တာ သည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။